# ဓမ္မပါလ၊ အရှင် (အေဒီ ၆–ရာစုနှောင်းပိုင်း)

## အဋ္ဌကထာ၊ ဝိသုဒ္ဓမဂ္ဂမဟာဋီကာနှင့် သုတ္တန်ဋီကာကျမ်းပြုဆရာကြီး

အရှင်ကေလာသ

နှောင်းခေတ် အဋ္ဌကထာဋီကာကျမ်းများ၌ **အာစရိယဓမ္မပါလ**ဟူသောအမည်ဖြင့် ကျော်ကြားသော အရှင်ဓမ္မပါလသည် အဋ္ဌကထာနှင့် ဋီကာကျမ်းပေါင်းများစွာကို ရေးသားခဲ့သည်။ အရှင်မြတ်အား အရှင်မဟာဗုဒ္ဓဃောသ ပြီးနောက် ဒုတိယအဋ္ဌကထာဆရာကြီးအဖြစ် ထေရဝါဒဗုဒ္ဓဘာသာပညာရှင်များက လေးစားကြသည်။ အရှင်မြတ်သည် **ဥဒါန**၊ **ဣတိဝုတ္တက**၊ **ဝိမာနဝတ္ထု**၊ **ပေတဝတ္ထု**၊ **ထေရဂါထာ**၊ **ထေရီဂါထာ**၊ **စရိယာပိဋကနှင့် နေတ္တိပကရဏ**ပါဠိတော်များ၏ **အဋ္ဌကထာ**များနှင့် **ပရမတ္ထမဉ္ဇူသာ**အမည်ရှိ **ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ**၊ **ဒီဃနိကာယ်**၊ **မဇ္ဈိမနိကာယ်**၊ **သံယုတ္တနိကာယ်အဋ္ဌကထာ**တို့၏ **ဋီကာ**များနှင့် **နေတ္တိဋီကာ**၊ **ဇာတကဋီကာ**များကို ရေးခဲ့သည်။ သုတေသီအချို့က **ဂန္ဓဝံသ**ကျမ်း၌ အရှင်မြတ်၏ကျမ်းစာအဖြစ်ဖော်ပြသည့် **ဗုဒ္ဓဝံသဋီကာ**၊ **အဘိဓမ္မအနုဋီကာ**ကိုမူ အရှင်မြတ်၏ကျမ်းစာအဖြစ် လက်မခံလိုဘဲရှိကြသည်[၁]။

### အဋ္ဌကထာများ

**နေတ္တိအဋ္ဌကထာ**မှတစ်ပါး ကျန်အဋ္ဌကထာကျမ်းများကို ကျမ်းပြုပုဂ္ဂိုလ်က **ပရမတ္ထဒီပနီ**ဟု အမည်ပေးသည်။ သို့ရာတွင် သက်ဆိုင်ရာပါဠိတော်၏ အမည်ဖြင့်သာ ပို၍ ထင်ရှားပုံရသည်။ **နေတ္တိပကရဏအဋ္ဌကထာ**ကိုမူ နေတ္တိပကရဏဿ အတ္ထသံဝဏ္ဏနာဟု သာမန်သာဆိုခဲ့သည်။ အရှင်မြတ်ရေးသားသော **အဋ္ဌကထာ**ကျမ်း အားလုံး၏ ပဏာမ၌ ပါရှိပြီးဖွင့်ဆိုချက်များကို ချန်ထားခဲ့သည်မှ တစ်ပါး မဟာဝိဟာရဝါသီမထေရ်တို့၏ ပို့ချစဉ်ကို မကျော်လွန်ဘဲ စီရင်မည်ဖြစ်ကြောင်းပင် ဝန်ခံထားသည်။ ယင်းနောက် သက်ဆိုင်ရာ ပါဠိတော်မှ ရွေးချယ်ထားသည့် စကားလုံးများကို ဖွင့်ဆိုသည်။

**ထေရဂါထာအဋ္ဌကထာ**အစတွင် ထေရထေရီ နှစ်ခုလုံးနှင့်ဆိုင်သည့် ပဏာမကိုရေးခဲ့သည်။ **စရိယာပိဋကအဋ္ဌကထာ**ပဏာမ၌ ဗုဒ္ဓရှင်တော်မြတ် ဗုဒ္ဓဝင်ဖြစ်စဉ်များကို ဟောကြားရသည့် အကြောင်းရင်းကို အနှစ်ချုပ်ဖော်ပြသည်။ **နေတ္တိအဋ္ဌကထာ**ပဏာမ၌လည်း အရှင်မဟာကစ္စာယန၏ ရှေးဆုတောင်းကို အနှစ်ချုပ်ဖော်ပြမှုပါဝင်သည်။ နေတ္တိအဋ္ဌကထာကို အရှင်ဓမ္မရက္ခိတထေရ် တောင်းပန်၍ ရေးသားကြောင်းဖော်ပြပြီး ကျန်အဋ္ဌကထာကျမ်းများကိုမူ တောင်းပန်သူမရှိဘဲ 'သဟသံဝဏ္ဏနံ ယသ္မာ၊ ဓရတေ သတ္ထုသာသနံ = ပါဠိတော်များ၌ အဖွင့်ကျမ်းရှိလျှင် သာသနာတော် တည်တံ့ကြောင်းဖြစ်သည်'ဟု ခံယူလျက် မိမိစေတနာအလျောက် ရေးသားခဲ့ဖွယ်ရှိသည်။

### ဋီကာများ

ဝိသုဒ္ဓိမဂ္ဂမဟာဋီကာမှတစ်ပါး ကျန်ဋီကာများကို **လီနတ္ထပကာသနာ**ဟု ကျမ်းပြုပုဂ္ဂိုလ် (အရှင်ဓမ္မပါလ)က အမည်ပေးခဲ့သည်။ ဒီဃနိကာယဋီကာနိဂုံး၌ နှောင်းခေတ် ပုဂ္ဂိုလ်များ ရေးခဲ့ပုံရသည့် 'ဒီဃနိကာယဋီကာ ရစိတာစရိယ-ဓမ္မပါလေန = ဒီဃနိကာယ်ဋီကာကို အရှင်ဓမ္မပါလထေရ်ရေးသည်'ဟု ဖော်ပြသည်မှတစ်ပါး ထိုဋီကာကြီးများ၌ ပဏာမနှင့် နိဂုံးများမပါရှိပေ။ သို့ရာတွင် အစဉ်အလာအရရော ခေတ်သစ်ပညာရှင်များကပါ ယင်းနိကာယ်ဋီကာများကို အာစရိယဓမ္မပါလရေးခဲ့ကြောင်း လက်ခံကြသည်။

ဤဋီကာများ၌ အခြားမည်သည့် နေရာတွင်မှမတွေ့ရသည့် တန်ဖိုးကြီးမားသည့် ဖွင့်ဆိုချက်များပါရှိသည်။ သို့ဖြစ်၍ ရှေးခေတ်သီရိလင်္ကာ၏ ဘာသာစကား၊ သမိုင်း၊ ဘာသာရေးနှင့် လူမှုရေးတို့ကို လေ့လာရာ၌ ချန်မထားသင့်သော ကျမ်းဂန်များဖြစ်သည်။ ထို့ပြင် ဤဋီကာတို့၌ တွေ့ရသည့် ဖော်ပြချက်များမှာ ထိုခေတ် ထိုအချိန်က ကျမ်းပြုပုဂ္ဂိုလ်အနေဖြင့် ရနိုင်သော်လည်း ယခုအခါ မရနိုင်တော့သည့် များစွာရှေးကျသော အချက်အလက်များ ပါရှိကြောင်း ဆိုကြသည်[၂]။

**ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ**၏ ကျမ်းပြုပုဂ္ဂိုလ်ပေးသည့် အမည်မှာ **ပရမတ္ထမဉ္ဇူသာ**ဖြစ်သည်။ **ပရမတ္ထမဉ္ဇူသာ**သည် ရှေးအကျဆုံးနှင့် ကျမ်းစာတွင် ဖော်ပြသည့်အခြားသော ရှားရှားပါးပါး အချက်အလက်များကြောင့်လည်း စာပေတန်ဖိုး ကြီးမားသောဋီကာကျမ်း ဖြစ်သည်။ ဤကျမ်း၌ နိကာယ်အဋ္ဌကထာကြီးများအပြင် **အဘိဓမ္မာဝတာရ**နှင့်

---

[၁] Pali Literature of Ceylon, p. 114

Pali Literature of Ceylon (သီဟိုဠ်ပါဠိစာပေသမိုင်း)ကျမ်းပြု သီဟိုဠ်ပညာရှင် မာလာလာဆေကေရသည် **သစ္စသင်္ခေပ**ကျမ်းနှင့် အဘိဓမ္မအနုဋီကာတို့ကို အခြားနာမည်တူ **စူဠဓမ္မပါလ**မထေရ်ရေးသည်ဟုယူဆသည်။ **အဘိဓမ္မအနုဋီကာ**နှင့် **ဗုဒ္ဓဝံသဋီကာ**တို့ကို သီဟိုဠ်အက္ခရာနှင့်ပင် မတွေ့ဖူးဟုဆိုသည်။

[၂] Hand Book of Pali Literature, p. 100

**သုမတာဝတာရ**ကျမ်း (ယခုအခါ သုမတာဝတာရကျမ်းကို မတွေ့နိုင်တော့ချေ)တို့ကို ရည်ညွှန်းထားသည်။

'န ပကရဏန္တရံ ဝါ **အဘိဓမ္မာဝတာရ သုမတာဝတာ-ရာ**ဒိ ဝိယ။ တာသံယေဝ ပန သုမင်္ဂလဝိလာသိနီ အာဒီနံ ဝိသေသဘူတာ' (ဝိသုဒ္ဓိ-ဋီ ၁၊ ၂)။

ရှေးအကျဆုံး ကျမ်းဂန်ဖြစ်၍လည်း ဝိသုဒ္ဓိမဂ်၌ပယ် သည့်အချက်များပါရှိသည့် ကျမ်းစာနှင့် ကျမ်းပြုပုဂ္ဂိုလ်၏ အမည်တို့ကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

'တတြ ပုရိမာ တာဝ တိဿော စရိယာ ပုဗ္ဗာစိဏ္ဏ-နိဒါနာ ဓာတုဒေါသနိဒါနာ စာတိ**ဧကေစ္စေ** ဝဒန္တိ' (ဝိသုဒ္ဓိ ၁၊ ၉၈)။

'**ဧကေစ္စေ**တိ **ဥပတိဿ**ထေ္ထရံ သန္ဓာယာဟ။ တေန ဟိ **ဝိမုတ္တိမဂ္ဂေ** တထာ ဝုတ္တံ' (ဝိသုဒ္ဓိ-ဋီ ၁၊ ၁၂၃)။

ဝိသုဒ္ဓိမဂ်စကားရပ်၌ပါသည့် **ဧကေစ္စေ**-ဟူသည် အရှင်ဥပတိဿထေရ်ကို ဆိုလိုသည်။ အကြောင်းမူ (ထိုအရှင် ဥပတိဿစီရင်သည့်) ဝိမုတ္တိမဂ္ဂကျမ်း၌ (အရှင်ဗုဒ္ဓဃောသ) ဆိုတိုင်း တွေ့ရသောကြောင့်ဖြစ်၏ဟု ဆိုလိုသည်။

ထို့ပြင် အချို့နေရာ၌ ဂိုဏ်းတစ်ပါး၏အယူကို အတိ အကျထုတ်ပြနိုင်သည်။

'**ယေသန္တိ** အဘယဂိရိဝါသိကေ သန္ဓာယာဟ။ တေ ဟိ ဓုတင်္ဂံ နာမ ပညတ္တီတိ ဝဒန္တိ (ဝိသုဒ္ဓိ-ဋီ ၁၊ ၁၀၄)။

'ယေသံ-ဟူသည် အဘယဂိရိဝါသီဂိုဏ်းသားတို့ကို ရည် ရွယ်၏။ ထိုအရှင်တို့အလို ဓုတင်ဟူသည် ပညတ်တည်းဟု ဆိုကြ၏'။ အဋ္ဌကထာ၌ ယေသံ-ဟု သာမန်ပြသည်ကို အဘယဂိရိဝါသီများကို ရည်ရွယ်ကြောင်းနှင့် ယင်းတို့၏ အယူအဆကို အတိအကျထုတ်ပြသည်ကို တွေ့ရသည်။

**ပရမတ္ထမဉ္ဇူသာ**ကို ရေးသားရန် တောင်းပန်သူမထေရ် ၏အမည်နှင့်ပတ်သက်၍ ပဏာမဂါထာတွင် မြန်မာမူ သီရိလင်္ကာမူ မကွဲပြားဘဲ -

'အဇ္ဈေသိတော **ဒါဌနာဂ-ထေ္ထ**ရေန ထိရစေတသာ' ဟုရှိသည်။ နိဂုံးဂါထာတွင် မြန်မာမူ၌-

'အာယာစိတော **သိဒ္ဓဂါမ**-ပရဝေဏနိဝါသိနာ။ ထေရေန **ဒါဌနာဂေန**' ဟုရှိပြီး သီရိလင်္ကာမူ၌-

'အာယာစိတော **သိတ္တဂါမ**-ပရဝေဏနိဝါသိနာ။ ထေရန **နာဂဒဋ္ဌေန**' ဟုမူကွဲလျက်ရှိသည်။ သို့ရာတွင် သီဟိုဠ်ပညာရှင်များ ကိုယ်တိုင်က မထေရ်တစ်ပါးတည်းကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်ဟု ဆိုသည်[၁]။ ညောင်ရမ်းဆရာ တော်ကြီးပြုစုသည့် **နမက္ကာရဋီကာ**ကျမ်း၌ **ဇာတကဋီကာ** အဆိုများကို ကိုးကားသည်ကိုတွေ့ရသဖြင့် မြန်မာနိုင်ငံ၌ ပေမူသို့မဟုတ် ပုံနှိပ်မူရှိမည်ဟု မှတ်သားနိုင်ပါသည်။

**ကျမ်းပြုခေတ်**

အရှင်ဓမ္မပါလရေးသားသော ကျမ်းဂန်စာကိုယ်များ၌ ကျမ်း ပြုနှစ်နှင့် အရှင်မြတ်ပေါ်ထွန်းရာခေတ်ကို ခန့်မှန်း၍ရနိုင် သည့် သဲလွန်စတစ်စုံတစ်ရာ မပါရှိပေ။ ပညာရှင်တို့၏ ဖော်ပြချက်မှာ ဆရာတစ်ယောက်နှင့် တစ်ယောက် အယူ အဆမတူဘဲ ခြားနားစွာဆိုကြသည်။ ယေဘုယျအားဖြင့် အရှင်ဓမ္မပါလကို အရှင်မဟာဗုဒ္ဓဃောထက် အနည်းငယ် သာနောက်ကျသည်ဟု ယူဆထားကြသည်။ ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာနှင့် နိကာယ်ဋီကာများက ယင်းအချက်ကို ဖော် ပြလျက်ရှိသည်။

သီဟိုဠ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အေဝီဗုဒ္ဓဒတ္တ မထေရ်က အာစရိယဓမ္မပါလကို အေဒီ ၁၀-ရာစုခန့်ဟု အဆိုပြုခဲ့သည်။ ယင်းသို့ အဆိုပြုခြင်းမှာ (အရှင်ဓမ္မပါလ အား ဝိသုဒ္ဓိမဂ္ဂမဟာဋီကာကို ရေးသားရန် တောင်းပန်သူ) **သိဒ္ဓဂါမပရိဝေဏ**ကျောင်းနေ **အရှင်ဒါဌနာဂ**မထေရ် အား စတုတ္ထမြောက် **မဟိန္ဒ**မင်း(အေဒီ ၉၇၆)ကို အဘိဓမ္မာ တရားကိုဟောရန် တာဝန်ပေးခံရသည့် (မဟာဝံသ၊ ၄၄-အခန်း၊ ၆-ဂါထာ) **အရညဝါသီဒါဌနာဂမထေရ်**နှင့် တူ သည်ဟူသော ယူဆချက်အပေါ်အခြေခံ၍ ဆိုခြင်းဖြစ် သည်။ ထို့ပြင် **အရှင်ဒါဌနာဂ**မထေရ် သီတင်းသုံးသည့် **သိဒ္ဓဂါမပရိဝေဏ**ကျောင်းကိုလည်း စတုတ္ထမြောက် သေန မင်း (၉၄၈-၉၆၁)လှူဒါန်းသည့် (၄၄၊ ၃၆-ဂါထာ) **သိတ္တ ဂါမပရိဝေဏ**နှင့် အတူတူဟုလည်း ထိုမထေရ်က ယူဆခဲ့ သည်[၂]။ ယင်းယူဆချက်အရ အရှင်ဓမ္မပါလခေတ်ကို အေဒီ ၁၀-ရာစုဟု ထိုဆရာတော်က ခန့်မှန်းလိုသည်။

သို့ရာတွင် ထိုဆရာတော်၏ယူဆချက် မခိုင်လုံသေး ချေ။ အကြောင်းမူ နာမည်တူသော်လည်း ယုတ္တိမရှိသော ကြောင့်ဖြစ်သည်။ အရှင်ဓမ္မပါလအား **ပရမတ္ထမဉ္ဇူသာ** (ဝိသုဒ္ဓမဂ္ဂမဟာဋီကာ)ကိုရေးသားရန် တောင်းပန်သူ အရှင် ဒါဌနာဂမထေရ်မှာ ထိုထက်စောနိုင်ပြီး မဟိန္ဒမင်းအား အဘိဓမ္မာဟောကြားရန် တာဝန်ကျသူ အရှင်ဒါဌနာဂ ထေရ်နှင့် တစ်ခြားစီသာ ဖြစ်ဖွယ်ရှိသည်။ အရှင်ဗုဒ္ဓဒတ္တ မထေရ်၏ ဖော်ပြချက်အရမှာ **သိဒ္ဓဂါမ**နှင့် **သိတ္တဂါမ** **အရညဝါသီဒါဌနာဂ**နှင့် **ပရိဝေဏဝါသီဒါဌနာဂ**ဖြစ် သဖြင့် အမည်နာမပင် အတိအကျတူသည် မဟုတ်ပေ။ တူ သည်ဆိုလျှင်တောင် နောက်ကျမှထိုနေရာတွင် ပြန်လည် တည်ဆောက်သော ပရိဝေဏအသစ်သာ ဖြစ်ဖွယ်ရှိသည်။

ပေါလုန္နရုဝ(ပုလတ္တိ)မြို့၏မြောက်ဘက် **တမန်ကဒုဝ** မြို့ **ကန္ဒကာဒုဝ**အရပ်မှ **ကျောက်တောင်**တစ်ခု၌ သီဟိုဠ်ဘုရင် ပထမဥပတိဿမင်း(၃၆၅-၄၀၇) ရေးထိုးခဲ့သော ကျောက်

၁ Hand Book of Pali Literature, p. 112

၂ Buddhadatta, Corrections of Geiger's Mahavamsa etc. p. 196-197)

စာတွင် **မဟာစိတနကာရကကျောင်းတိုက်** (Mahacitanakaraka Vihara)အတွင်း ထို(ပထမ ဥပတိဿမင်း)မင်း တည်ခဲ့သော စေတီတစ်ဆူအကြောင်း ရည်ညွှန်းဖော်ပြထား၏။ အဆိုပါ (**မဟာစိတနကာရက**) ကျောင်းတိုက်သည် မဟာဝံသ၌ဖော်ပြသည့် **သိတ္ထဂါမ**ကျောင်း(သစ်) ဖြစ်ဖွယ်ရှိသည်[၁]။

အေပိဗုဒ္ဓဒတ္တ၏အဆို မခိုင်လုံသေးသော်လည်း သုတေသီအများစု လက်ခံသဘောတူသည့် အရှင်ဓမ္မပါလ ပေါ်ထွန်းရာခေတ် အတိအကျ သတ်မှတ်ချက်ကိုလည်း မရရှိသေးပေ။ အချို့က အေဒီခြောက်စုနှောင်းပိုင်းဟု ယူဆကြသည်။ ယင်းအယူအဆမှာ နီးစပ်ဖွယ်ရှိသည်။

ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၌ ဝိသုဒ္ဓိမဂ်အဆိုကိုဝေဖန်သည့် ဖော်ပြချက်အချို့ပါရှိရာ အရှင်ဓမ္မပါလက ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၌ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌထာအဆိုကို ပြန်လည်ချေပရေးသားသည်ကို တွေ့ရသည်[၂]။ ထို့ကြောင့် **သဒ္ဓမ္မပ္ပကာသနီ** (ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ)ကို ရေးသားခဲ့သည့် အရှင်မဟာနာမထက် နောက်ကျသည်မှာ သေချာသည်။ **သဒ္ဓမ္မပ္ပကာသနီ**ကျမ်းကို ယင်းကျမ်း၏နိဂုံးအဆိုအရ ပထမ မောဂ္ဂလ္လာနမင်း (အေဒီ ၄၉၅-၅၁၃) ကွယ်လွန်ပြီးနောက် သုံးနှစ်အကြာ (အေဒီ ၅၁၆)တွင် ရေးသားပြီးစီးကြောင်း သိရသည်။ သို့ဖြစ်၍ အရှင်ဓမ္မပါလသည် အေဒီ-၆ ရာစုထက် မစောနိုင်တော့ချေ။

ဤနေရာ၌ ဆင်ခြင်ဖွယ်တစ်ရပ်ရှိသည်မှာ အကယ်၍ အဘိဓမ္မအနုဋီကာကို အမည်တူ စူလဓမ္မပါလမထေရ်က ရေးခဲ့သည်ဟူသော အဆိုကိုလက်ခံနိုင်သည်ဆိုလျှင် ဝိဘင်္ဂအနုဋီကာ၌ နေတ္တိအဋ္ဌကထာအား ရည်ညွှန်းခဲ့သည်ကို တွေ့ရ[၃]သဖြင့် စူဠဓမ္မပါလပေါ်ထွန်းသည့် ဒုတိယအဂ္ဂဗောဓိမင်း(၆၁၂-၆၂၂)ထက် နောက်မကျနိုင်ဟု ဆိုနိုင်ရာသည်။ အေဒီ ၆၄၀-၌ ဟူယင်ဆန် ကဉ္စိပုရသို့ရောက်သောအခါ အရှင်ဓမ္မပါလ၏အမည်နာမနှင့် အတ္ထုပ္ပတ္တိမှာ ထိုဒေသရှိ ရဟန်း တော်များအတွင်း ရေပန်းစားနေဆဲဖြစ်နိုင်သည်။

**ဇာတိဌာန**

အရှင်ဓမ္မပါလပြုစုခဲ့သည့် ကျမ်းစာများ၌ အရှင်မြတ်၏ မွေးရပ်ဇာတိနှင့်ပတ်သက်၍လည်း တစ်စွန်းတစ်စမျှ ဖော်ပြထားပေ။ **ပရမတ္ထဒီပနီ**အဋ္ဌကထာများနှင့် နေတ္တိအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ နိဂုံးတို့၌ "ဗဒရတိတ္ထ ဝိဟာရဝါသိနာ **အာစရိယဓမ္မပါလ**တ္ထေရေန ကတာ" ဟုပါရှိသဖြင့် အဆိုပါ အဋ္ဌကထာဋီကာကျမ်းများကို "ဆီးပင်ဆိပ်ကျောင်းနေ အရှင်ဓမ္မပါလ စီရင်ခဲ့သည်"ဟူ၍သာ သိရသည်။ နိဂုံးနှင့်ပဏ္ဏာမဂါထာအဆိုများကိုပါ ပေါင်းစပ်ပြီး အရှင်မြတ်သည် သီဟိုဠ်ကျွန်း၊ အနုရာဓမြို့၊ မဟာဝိဟာရကျောင်းတိုက်နှင့် ဆက်နွယ်မှုရှိပြီး အိန္ဒိယတောင်ပိုင်း၌ သီတင်းသုံးနေထိုင်ခဲ့ဖွယ်ရှိသည်ဟုသာ တွေးယူသိရှိနိုင်သည်။

ပညာရှင်တို့၏ ဖော်ပြချက်မှာ ကွဲပြားကြသည်။ Mrs T.W. Rays Davids က 'ဓမ္မပါလသည် ဗုဒ္ဓဃောသ ပညာသင်ယူခဲ့သောတက္ကသိုလ် (မဟာဝိဟာရကျောင်းတိုက်) မှာပင် ပညာသင်ယူခဲ့သည်။ ကျမ်းပြုသူ နှစ်ပါးလုံးမှာ တူညီသည့် အယူအဆများရှိကြသည်။ တူညီသည့် ဆရာအရှင်များကို ရည်ညွှန်းကြသည်။ ဖွင့်ဆိုသည့်နည်းစနစ် တူညီကြသည်။ ဝေါဟာရဗေဒနှင့် ဝေါဟာရသမိုင်းဆိုင်ရာ အတတ်ပညာတွင် ဟန်ချင်းတူညီကြသည်' ဟုဆိုခဲ့သည်[၄]။ ဘိက္ခုဉာဏမောဠိကမူ အရှင်ဓမ္မပါလ သီဟိုဠ်သို့ရောက်မရောက် အသေအချာ မဆိုနိုင်ဟုဆိုသည်[၅]။ **သာသနဝံသ**ကျမ်းကမူ အရှင်ဓမ္မပါလနေထိုင်ရာ **ဗဒရတိတ္ထ**သည် ဒမိဠတိုင်း၌ပါဝင်ပြီး သီဟဠဒီပနှင့် အလွန် မဝေးကွာသောကြောင့် ထိုအရှင်အား သီဟိုဠ်နိုင်ငံသားအဖြစ်ယူဆသည်[၆]။

အေပိ ဗုဒ္ဓဒတ္တထေရ်က အဆိုပါ ဗဒရတိတ္ထကျောင်းတည်ရှိရာအရပ်သည် ယခုအခါ **နာဂပဋ္ဋန်** (Negapattan) ဆိပ်ကမ်းမြို့ဖြစ်ပြီး ယင်းမြို့သည် အိန္ဒိယတောင်ပိုင်း **တန်ဂျိုု** (Tanjore)မြို့၏အရှေ့ဘက် ၃၄-မိုင်ကွာရှိ **ကိုရိုမန်ဒေါလ်** ကမ်းရိုးတမ်းဒေသ ပင်လယ်ကမ်းခြေတွင်ရှိလျက် ယခုတိုင် နာဂပဋ္ဋန်ဟုခေါ်ကြောင်း သိရသည်[၇]။ တန်ဂျို (တဥ္စ)သည် အဘိဓမ္မတ္ထသင်္ဂဟကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါ သီတင်းသုံးခဲ့သည့်မြို့လည်းဖြစ်သည်။

ပါဠိစာပေပညာရှင် ဘီစီ လော (B.C. Law) အလိုအရမူ 'အရှင်ဓမ္မပါလသည် တမီးလ် (Tamil)နိုင်ငံ၊ ကဉ္စိပုရမြို့၌ဖွားမြင်ခဲ့ပုံရသည်။ တရုတ်ရဟန်းတော် ဟူယင်ဆန်သည် ခရစ်နှစ်-၆၄၀ တွင် ကဉ္စိပုရသို့ရောက်ခဲ့သည်။ ထိုစဉ်အခါ ၎င်းမရောက်မီ အလွန်မဝေးကွာသည့် အချိန်က ထိုဒေသ၌ အလွန်ကျော်ကြားခဲ့သူ အရှင်ဓမ္မပါလသည် ကဉ္စိပုရမြို့သားဖြစ်၏ဟု ၎င်း၏မိတ်ဆွေ ရဟန်းများက

[၁] Hand Book of Pali Leterure, p. 49

[၂] ယံ ပန ကေစိ ဗဟိဒ္ဓါ ဟတ္ထိအာဒိဒဿဝစနံ ပကတိဝဏ္ဏံ အဝိဇဟိတွာတိ ဝစနေန ဝိကုဗ္ဗနိဒ္ဓိဘာဝေန ဝိရုဇ္ဈတိ (ပဋိသံ-ဋ္ဌ ၂။ ၂၇၆) တိ ဝဒန္တိ၊ တဒယုတ္တံ (ဝိသုဒ္ဓိ-ဋီ ၂။ ၃၆။)

[၃] ယံ ပနေတေသု အတ္ထဗျဉ္ဇနေသု ဝတ္တဗ္ဗံ၊ တံ **နေတ္တိ-အဋ္ဌကထာ**ယံ ဝတ္တာရတော ဝုတ္တမေဝ။ တသ္မာ တတ္ထ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ (အနုဋီ ၂ ၊ ၁၈၅)။

[၄] Psalms of Brothren, Introduction, p. xxv

[၅] Path of Purification, Introduction, p. xxx

[၆] သာသနဝံသ၊ စာ-၃၆။

[၇] Corrections to Geiger's Mahavamsa, pp.196-197

၎င်းအား ပြောဆိုကြကြောင်း မှတ်တမ်းတင်ခဲ့သည်’ဟု ဆိုသည်[၁]။

ကဉ္စိပုရဖွား အရှင်ဓမ္မပါလသည် နာလန္ဒတက္ကသိုလ် ကျောင်းအုပ် မဟာယာနဂိုဏ်းသားဖြစ်သည်ဟူသော ပညာရှင်အချို့၏အဆိုကို သုတေသီပဂ္ဂိုလ်များ လက်မခံကြပေ။ အကြောင်းမူ ဟူယင်ဆန်ရောက်ချိန်က ကဉ္စိပုရမြို့သည် မဟာယာနမထွန်းကားဘဲ ထေရဝါဒထွန်းကားနေသောကြောင့်ဖြစ်သည်။ ကဉ္စိပုရသား ထေရဝါဒရဟန်းတော်များက ၎င်းတို့၏ကျော်ကြားသော ထေရဝါဒဂိုဏ်းသား အရှင်ဓမ္မပါလအကြောင်းကို ပြောပြသောအခါ အရှင်မြတ်၏ အကြောင်းကို မသိသေးသော ဟူယင်ဆန်သည် အမှတ်မှားသွားပြီး မဟာယာနဂိုဏ်းသုံး ဗောဓိသတ္တဟူသော ဝိသေသနဖြင့် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ဖွယ်ရှိကြောင်း ဆိုကြသည်[၂]။

ကဉ္စိပုရမြို့မှာ အိန္ဒိယတောင်ပိုင်း ဒက်ခန်(Dekkhan) နယ်၊ မဟာရဋ္ဌပြည်နယ်၊ မြို့တော်မဒရပ်၏ အနောက်တောင်ဘက် ၄၅၀-မိုင်အကွာရှိ ယခုအခေါ် ကွန်ဂျီဗာရမ် (Conjevaram)မြို့ဖြစ်သည်။ ယင်းမြို့မှာပင် အဋ္ဌကထာကျမ်းပြုဆရာကြီးများဖြစ်ကြသည့် အရှင်မဟာဗုဒ္ဓဃောသနှင့် အရှင်ဗုဒ္ဓဒတ္တတို့လည်း ရံဖန်ရံခါ သီတင်းသုံးခဲ့ဖူးကြောင်းဖော်ပြခဲ့ကြသည်။ ယင်းဒေသသည် ရှေးအခါက မြန်မာနိုင်ငံ မွန်တလိုင်းဒေသနှင့် ကူသန်းသွားလာမှု ရှိခဲ့သည်ဟုဆိုသည်[၃]။ ယင်းဒေသတွင် ထိုခေတ်ထိုအချိန်က ထေရဝါဒဗုဒ္ဓသာသနာတော် အလွန် ထွန်းကားခဲ့သည်ဟု ယူဆရသည်။

အရှင်ဓမ္မပါလမထေရ်သည် ကဉ္စိပုရမြို့တွင် ဖွားမြင်သော်လည်း သာသနာ့ဝန်ထမ်း ရဟန်းဘဝသို့ရောက်သောအခါ သီဟိုဠ်ကျွန်း အနုရာဓမြို့၌ ပညာဆည်းပူးသောအချိန်မှတစ်ပါး နာဂပဋ္ဋန်ဆိပ်ကမ်းမြို့၌ပင် သီတင်းသုံးခဲ့ပုံရသည်။ ထိုခေတ်က ဗုဒ္ဓသာသနာတော်၏ အချက်အချာ နေရာဒေသဖြစ်သော ကဉ္စပုရမြို့သို့လည်း ရံဖန်ရံခါ ကြွရောက်၍ သီတင်းသုံးခဲ့နိုင်ရာသည်။

ဟူယင်ဆန်သည် ကဉ္စိပုရမြို့သို့ ရောက်စဉ်က မိမိကြားသိရသည့် အရှင်ဓမ္မပါလ၏ ဘဝဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် မှတ်တမ်းတင်ခဲ့ပုံမှာ ဤသို့ဖြစ်သည်-

အရှင်ဓမ္မပါလမထေရ်သည် အမတ်ကြီးတစ်ယောက်၏သားဖြစ်ပြီး ငယ်စဉ်ကပင် ပညာထူးချွန် ထက်မြက်သူဖြစ်သည်။ သူ၏ဉာဏ်ပညာစွမ်းရည်မှာ ကြီးလေပို၍ထက်မြက်လေဖြစ်ရာ ဘုရင်နှင့်မိဖုရားကသိသဖြင့် သမီးတော်နှင့် လက်ထပ်ထိမ်းမြားရန် စီမံကြသည်။

အိမ်ထောင်သားမွေး မပြုလိုသော ဓမ္မပါလလောင်းလျာလုလင်ပျိုသည် စိတ်မချမ်းမသာ ဖြစ်လွန်းမကဖြစ်သဖြင့် လက်ထပ်မည့်ညနေတွင် တိတ်တဆိတ်ထွက်ပြေးသည်။ **လီ**ရာပေါင်းများစွာ ကွာဝေးသောနေရာရှိ (လီဟူသည် ရှေးခေတ်တရုတ်ပြည်သုံး ခရီးအတိုင်းအတာ စကားဖြစ်သည်။ ၁-လီမှာ ပေ ၁၀၀၀-ရှိ၍ ၅-လီသည် ယခုခေတ် မိုင်အားဖြင့် ၁-မိုင်ခန့်ရှိကြောင်း သိရသည်) တောင်ပေါ်ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ရောက်သွားသည်။ ထိုကျောင်းမှ ဆရာတော်များသည် လုလင်ပျိုကိုတွေ့ရှိ၍ မေးမြန်းသောအခါ လုလင်ပျိုက အကြောင်းစုံကို လျှောက်ထားလျက် သာသနာ့ဘောင်သို့ သွတ်သွင်းပေးရန် တောင်းပန်သဖြင့် ဆရာတော်များက လုလင်ပျိုအား ရဟန်းပြုပေးလိုက်ကြသည်။

လုလင်ပျိုသည် အရှင်ဓမ္မပါလဟူသော ဘွဲ့အမည်ဖြင့် ရဟန်းဘဝကိုရသည့်နေ့မှစ၍ ပညာကိုသာ စူးစူးစိုက်စိုက် လေ့လာဆည်းပူးသည်[၄]။

## သုံးသပ်ချက်

အထက်ပါဖော်ပြချက်များကို အနှစ်ချုပ်သော် အရှင်ဓမ္မပါလသည် အေဒီ ၆-ရာစုနှောင်းပိုင်းတွင် ပေါ်ထွန်းခဲ့သည့် အိန္ဒိယတောင်ပိုင်းသားဖြစ်ဖွယ်ရှိသည်။ သီဟိုဠ်ကျွန်း၊ အနုရာပုရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်နှင့် ဆက်စပ်ပတ်သက်မှုရှိခဲ့ပြီး အရှင်မြတ်ဘဝ၏ အချိန်ကာလများစွာကို အိန္ဒိယတောင်ပိုင်း နာဂပဋ္ဋန်မြို့ရှိ ဗဒရတိတ္ထကျောင်းတွင် ကုန်လွန်ခဲ့ဖွယ်ရှိသည်။ အရှင်မြတ်၏ ဘဝဖြစ်စဉ်နှင့်ပတ်၍ အနီးစပ်ဆုံး ဖြစ်နိုင်ခြေကို ဤမျှသာ ခန့်မှန်းကြည့်နိုင်ပါလိမ့်မည်။

## ပြုစုကျမ်းစာရင်း

အရှင်ဓမ္မပါလ ပြုစုသည့်ကျမ်းများကို စာရင်းပြုကြည့်လျှင် အောက်ပါအတိုင်း တွေ့ရသည်-

၁။ ဥဒါနအဋ္ဌကထာ (စာမျက်နှာ-၃၉၃)
၂။ ဣတိဝုတ္တကအဋ္ဌကထာ (စာမျက်နှာ-၃၅၅)
၃။ ဝိမာနဝတ္ထုအဋ္ဌကထာ (စာမျက်နှာ-၃၃၄)
၄။ ပေတဝတ္ထုအဋ္ဌကထာ (စာမျက်နှာ-၂၆၉)
၅။ ထေရဂါထာအဋ္ဌကထာ ပ၊ဒု (စာ-၁၀၃၁)
၆။ ထေရီဂါထာအဋ္ဌကထာ (စာမျက်နှာ-၃၀၅)

[၁] Law. B.C., History of Pali Literature and, Vol. II. p. 392

[၂] Rays Devid, Eneyclopaedia of Religion and Ethics, IV p. 701

[၃] Bode, M.H., Pali Literature of Burma, p. 8

[၄] Beal, Travels of Hiouen Thsang by Monk Hui Li p. 134

၇။ စရိယာပိဋကအဋ္ဌကထာ (စာ-၃၂၈)
၈။ နေတ္တိအဋ္ဌကထာ (စာမျက်နှာ-၂၇၆)
၉။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ ပ၊ ဒု (စာ- ၉၀၆)
၁၀။ ဒီဃနိကာယဋီကာ ပ၊ ဒု၊ တ (စာ-၁၀၅၅)
၁၁။ မဇ္ဈိမနိကာယဋီကာ ပ၊ဒု၊တ (စာ-၁၁၆၀)
၁၂။ သံယုတ္တနိကာယဋီကာ ပ၊ဒု (စာ-၈၉၆)
၁၃။ နေတ္တိဋီကာ (စာမျက်နှာ-၁၅၁)
၁၄။ ဇာတကဋီကာ (ပုံနှိပ်မတွေ့ဖူး)

စုစုပေါင်းအုပ်ရေ ၁၄၊ အတွဲ-၂၁ တွဲခန့်ရှိပြီး စာမျက်နှာပေါင်း ရှစ်ထောင်နီးပါးမျှရှိသည်။ ပေရွက်ပေါ်တွင် ကညစ်ဖြင့်ရေးရသည့်ခေတ်တွင် ထိုမျှလောက်သော စာမျက်နှာများကို ရေးသားအားထုတ်ရာ၌ အရှင်မြတ်၏ အဓိကရည်ရွယ်ချက်ကား လောက၌ မြတ်ဗုဒ္ဓ၏အဆုံးအမ ကြာရှည်စွာ တည်တံ့ရန်သာတည်း။

## ကျမ်းပြုဆုတောင်း

အဋ္ဌကထာ၊ မဟာဋီကာကျမ်းပြု ဆရာကြီး အရှင်မဟာဓမ္မပါလမထေရ်သည် ကျမ်းစာပြုစုရသည့် ကုသိုလ်အထူးနှင့်ပတ်သက်၍ မိမိ၏ဆန္ဒကို နိကာယ်ဋီကာများမှတစ်ပါး ကျန်ကျမ်းစာအားလုံးတို့၏နိဂုံး၌ အောက်ပါအတိုင်း ထပ်တူညီစွာ ဖော်ပြခဲ့သည်-

'ကျမ်းစာပြုစု၍ရရှိသော ကုသိုလ်ထူးကြောင့် လောက၏ကိုးကွယ်ရာ ဘုရားရှင်၏သာသနာတော်၌ သတ္တဝါခပ်သိမ်း သက်ဝင်ယုံကြည်ကြပြီး ကိုယ်ကျင့်သီလစင်ကြယ်ကြလျက် ဝိမုတ္တိသုခရသကို ခံစားနိုင်ကြပါစေ။
'သဒ္ဓမ္မသုံးဖြာသာသနာတော်သည် လောက၌ ကြာမြင့်စွာတည်တံ့ပြီး ထိုသဒ္ဓမ္မ၏အဆုံးအမ၌ သတ္တဝါခပ်သိမ်း ထာဝရရိုသေလိုက်နာ၍ အလေးဂရုပြု ကြပါစေ။
'မိုးပဇ္ဇုန်သည် မှန်ကန်စွာရွာသွန်းဖြိုး၍ ရေမြေ့သနင်းပြည့်ရှင်မင်းကလည်း သူတော်ကောင်းတရားကို နှစ်သက်ပြီး လူအပေါင်းကို ဓမ္မနှင့်အညီသာလျှင် စိုးမိုးအုပ်ချုပ်ပါစေ'

## အနုဋီကာနှင့်အရှင်မဟာဓမ္မပါလ

ဆရာစဉ်ဆက် မှတ်သားချက်များမှာ အလွန်တန်ဖိုးရှိကြောင်း ခေတ်သစ်သုတေသီတို့ ကောင်းစွာ သဘောပေါက်ကြသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌မူ ၎င်းတို့သည် အစဉ်အလာအဆိုကို လက်မခံလိုဘဲရှိကြသည်။ ဤစာတမ်းတွင် အဘိဓမ္မအနုဋီကာကို အရှင်ဓမ္မပါလ၏ကျမ်း စာရင်း၌ မဖော်ပြခြင်းမှာ သီရိလင်္ကာအစဉ်အလာနှင့် ခေတ်သစ်သုတေသီတို့ နောက်သို့ လိုက်ထားခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏အဆိုကို အကြွင်းမဲ့လက်ခံသည်ကား မဟုတ်ပေ။ အကြောင်းမူ ၎င်းတို့အဆိုအတွက် တိကျသည့် အကိုးအကားမရှိသကဲ့သို့ အနုဋီကာကို မဟာဓမ္မပါလပင် ရေးသည်ဟူသော မြန်မာတို့၏ဆရာစဉ်ဆက်ယူဆချက်အတွက်လည်း ခိုင်လုံသည့်အထောက်အထား မတွေ့နိုင်သေးသောကြောင့်ဖြစ်သည်။ သို့ရာတွင် မြန်မာဆရာစဉ်ဆက် အယူအဆကို ထောက်ခံဖွယ်ရှိသည့် သဲလွန်စများရှိသည်။

မဇ္ဈိမပဏ္ဏာသဋီကာ (မ-ဋီ ၂၊ ၈)၌ မူလဋီကာ (ပဉ္စပကရဏဋီ၊ ၃၅)ကို ညွှန်းဆိုခြင်း၊ သဂါထာဝဂ္ဂဋီကာ (သံ-ဋီ ၁၊ ၂၂၁)၌ ဓမ္မသင်္ဂဏီအနုဋီကာ (အနုဋီ ၁၊ ၁၉)ကို ညွှန်းဆိုခြင်းများပါရှိသည်။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ဝိသုဒ္ဓိ-ဋီ ၁၊ ၁၂၀)၌ သံယုတ္တဋီကာကို ညွှန်းဆိုသဖြင့် မဟာဋီကာမှာ မူလဋီကာအနုဋီကာနှင့် သုတ္တန်ဋီကာများထက် နောက်ကျသည်ဟုဆိုနိုင်သည်။ ဝိသုဒ္ဓိ-ဋီ ၂၊ ၂၁၇ နှင့် အနုဋီ ၂၊ ၆၄၊ ဝိသုဒ္ဓိ-ဋီ ၂၊ ၃၃၂ နှင့် အနုဋီ ၂၊ ၁၃၄ စသည်တို့၌ ဖွင့်ဆိုပုံများမှာ ကျမ်းပြုပုဂ္ဂိုလ်တစ်ဦးတည်း ပြုစုသကဲ့သို့ ထင်ရသည်။ အယမေတ္ထ သင်္ခေပေါ၊ ဝိတ္ထာရော ပန အဘိဓမ္မဋီကာယံ (အနုဋီ ၁၊ ၁၉) ဝုတ္တနယေန ဝေဒိတဗ္ဗော (သံ-ဋီ ၁၊ ၂၂၁)ဟူသော သံယုတ္တဋီကာ၏ အနုဋီကာကို ညွှန်းဆိုချက်နှင့် ဝိဘင်္ဂအနုဋီကာ(အနုဋီ ၂၊ ၁၈၅)၌ နေတ္တိအဋ္ဌကထာကို အလားတူ ညွှန်းဆိုချက်မျိုးတို့က ယင်းဋီကာနှင့် အဋ္ဌကထာကျမ်းများကို တစ်ဦးတည်းပြုစုသည်ဟူသော အဆိုကို အားသာစေသည်။

အဘိဓမ္မအနုဋီကာကို သီဟိုဠ်အက္ခရာဖြင့်ပင် မတွေ့ဖူးသူ ခေတ်သစ်သုတေသီ မာလာလာဆေကေရသည် အကယ်၍ အရှင်မဟာဓမ္မပါလရေးသားသည်ဟု ၎င်းလက်ခံသော နိကာယ်ဋီကာတစ်ခုက အဘိဓမ္မမူလဋီကာနှင့် အနုဋီကာတို့အား ညွှန်းဆိုသည်ကို သတိပြုမိခဲ့မူ မြန်မာတို့ယူဆသည့် အနုဋီကာကို အရှင်မဟာဓမ္မပါလပင် ရေးသားသည်ဟူသောအဆိုကို လက်ခံနိုင်ဖွယ်ရှိသည်။

ထို့ပြင် သဒ္ဓမ္မနိတိတွင် သစ္စသင်္ခေပကျမ်းပြု အရှင်ဓမ္မပါလကို အာစရိယဓမ္မပါလဟု လေးစားစွာဆိုခြင်း၌ ပုဂံအရှင်အဂ္ဂဝံသအနေဖြင့် အဋ္ဌကထာဋီကာကျမ်းပြု အရှင်မဟာဓမ္မပါလကိုပင် ရည်ရွယ်ဖွယ်ရှိပါသည်။

အဖွင့်တူသည့် နေရာများ၌ ဝေါဟာရ၊ ပဒ၊ သဒ္ဒါနှင့် အဓိပ္ပါယ်တို့ကို နိုင်းယှဉ်နိုင်လျှင် မည်သည့်ကျမ်းက မည်သည့်ကျမ်းကို မှီငြမ်းပြုကြောင်း ပါဠိကျွမ်းကျင်သည့် ပုဂ္ဂိုလ်များ မှန်းဆိုနိုင်ဖွယ်ရှိပြီး ပိုမိုတိကျသည့် အဖြေတစ်ရပ် ထွက်လာနိုင်မည်ဟု ယူဆပါသည်။ ☺☺☺

Ashin Kelasa
1651 E Manhatton Dr
Tempe, AZ  85282   USA